# မင်းလူ

## နှစ်ကိုယ်ခွဲ



"နံနံပင် မထည့်နဲ့ "

ဆတ်ခနဲလှည့်ကြည့်လိုက်မိတယ်။ ကျွန်တော် အရမ်းအံ့သြသွားပါတယ်။ ဘာကြောင့်ဆိုတော့ ကျွန်တော် ရှင်းပြပါမယ်။

ရန်ကုန်ဘူတာကြီးရဲ့ စကြီကုန်းတံတားကြီးရှိပါရော။ အဲဒီကုန်းတံတားကြီးရဲ့ ပန်းဆိုးတန်းဘက် အပေါက်နား၊ ကုန်တိုက် ၁ နဲ့ မျက်နှာချင်းဆိုင်လောက်ကျမယ်။ အဲဒီမှာ မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ရှိတယ်။ အမြဲတမ်း ဖွင့်ထားတဲ့ ဆိုင်မဟုတ်ပါဘူး။ ညနေ လေးနာရီကျော်မှ စ,ဖွင့်တာ။ အထမ်းနဲ့ ရောင်းတဲ့ အသည် လေ။

"စားဘူးရင် သိမယ်"

ဆိုင်နာမည်က အဲဒီလိုရေးထားတယ်။ သတ်ပုံရေးထုံးအမှန်အတိုင်း ဆိုရင်တော့ "စားဖူးရင် သိမယ်" လို့ ရေးရမှာ ပေ့ါ။ အေးလေ...ဒါက မုန့်ဟင်းခါး ရောင်းတာပဲ၊ စာစီစာကုံးရေးတာမှ မဟုတ်တာ။ သတ်ပုံတွေ ဘာတွေ ဘယ်ဂရုစိုက်ကြမလဲ။ တကယ်တော့လည်း ရန်ကုန်မြို့ပေါ်မှာ လိုက်ကြည့်၊ သတ်ပုံအမှားတွေ ရေးထားတဲ့ ဆိုင်းဘုတ်တွေ အတော်များများ တွေ့ရလိမ့်မယ်။

ကြည့်...။

မှား -

မုန်

ရှန်လူခေါက်ဆွဲကျော်ဆိုင် - ရှန်လူခေါင်ဆွဲကြော်ဆိုင်

အာရုံဦးတီးတောက်စ် - အရဏ်ဦးတီးတောက်စ်

ယနေ့အကျွေးသီးခံပါ - ယနေ့ အကြွေးသည်းခံပါ

အဲဒါ နမူနာတွေပဲ။ အများကြီးရှိသေးတယ်။ ဟိုး…တစ်နှစ်က ကျို က္က ဆံ ကွ င်း မှာ ပြည်ထောင်စုနေ့ ကျင်းပတုန်းက ဌာနဆိုင်ရာပြခန်းတစ်ခုရှေ့မှာ "အမှိ ု က်မပြစ်ရ"လို့ ရေးထားတာ တွေ့ဖူးတယ်။ သိပ်တိတိကျကျကြီး မဟုတ်တောင် "အိန်ရောင်းရ"ဆိုတာမျိုးလောက် ရုပ်ပျက်ဆင်းပျက်မဖြစ်အောင်တော့ သတ်ပုံကို သတိထားသင့်တယ်ထင်ပါတယ်။

အဲ…ပြောရင်းနဲ့ စကားတွေက ဘယ်ရောက်ကုန်ပြီလဲ။ ဒီလိုလေ၊ ခုန ကျွန်တော်ပြောသလိုပေါ့။ မုန့်ဟင်းခါးဆိုင်ရှိတယ်။ အဲဒီဆိုင်မှာ ကျွန်တော် ခဏခဏ စားတတ်တယ်။ ကျွန်တော်က မုန့်ဟင်းခါးကြိုက်တယ် မဟုတ်လား။ သူ့ဆိုင်က အချို့ဆိုင်တွေလို ဟင်းရည်ကို မပျစ်ပျစ်အောင် ပဲမှုန့်တွေ၊ ဆန်မှုန့်တွေနင်းကန်ထည့်ထားတာမျိုး မဟုတ်ဘူး ။ ဟင်းရည်ကတော့ ခပ်ကျဲကျဲကလေးပါပဲ။ ဒါပေမဲ့ ချိုတယ်။ ငန်ပြာရည်ကိုလည်း ကောင်းကောင်း သုံးပုံရတယ်။ ငရုတ်သီးမှုန့်ကလည်း ရိုးရိုးအထောင်း မဟုတ်ဘူး ။ ပြန်ကြော်ထားတဲ့ ငရုတ်သီးမှုန့်။ ပြီးတော့ ဘူးသီးကြော်ကလည်း ခပ်ရွရွကလေး။ တချို့ဆိုင်တွေလို မနေ့က

မကုန်လို့ ပြန်ကြော်လာတဲ့ မဲတူး ပိန်ချောက်မျိုး မဟုတ်ဘူး ။

အဲဒီနေ့က တွေ့ကိုတွေ့ချင်လို့ ထင်ပါရဲ့ ။ အိမ်ပြန်မယ်လို့ သုံးဆယ့်ရှစ်လမ်းထိပ်က နှစ်ကား မှတ်တိုင်ကိုတောင် ရောက်ပြီးနေပြီ။ လူကနည်းနည်းများ နေတယ်။ မှတ်တိုင်မှာ ရုံးဆင်းချိန် ဖြစ်နေတာကိုး။ နည်းနည်းချောင်တဲ့ ကားကျမှ တက်မယ်လို့ စောင့်နေရင်း မုန့်ဟင်းခါး စားချင်စိတ်က ရုတ်တရက်ဝင်လာတယ်။ ဆိုင်ကိုလှမ်းကြည့်တော့ ဖွင့်ခါစပဲရှိသေးတယ်။ စားတဲ့ လူတောင် သိပ်မရှိသေးဘူး။ အဲဒါနဲ့ သွားစားရော ဆိုပါတော့။

ကျွန်တော်က ညှပ်ခေါက်ဆွဲစားနေကျ။ ညှပ်ခေါက်ဆွဲ ဗူးသီးကြော်နဲ့ လို့ ပြောလိုက်တယ်။ ဆိုင်ရှင်လူကြီးက ညှပ်ခေါက်ဆွဲထည့်၊ ဗူးသီးကြော်ညှပ်ထည့်၊ ဟင်းရည်ဆမ်း၊ ငရုတ်သီးကြော်မှုန့်ကို ဇွန်းကလေးနဲ့ ခပ်ပြီး ဟင်းရည်ထဲ မမြုပ်အောင်ပန်းကန်စွန်းမှာ အသာတင်။ နံနံပင်ခွက်ထဲ လက်လှမ်း အနှိုက်...

"နံနံပင်မထည့်နဲ့ "လို့ ကျွန်တော်က လှမ်းပြောမလို့ ပြင်နေတုန်း... ဟိုဘက်က သူ့အသံက အရင်ဦးအောင် ထွက်လာတာပဲ။ လက်စသတ်တော့ ခုပြင်နေတဲ့ ညှပ်ခေါက်ဆွဲပန်းကန်က ကျွန်တော့်အတွက် မဟုတ်သေးပဲကိုး။ ကျွန်တော်လည်း သူ့ကိုလှမ်းကြည့်ပြီး အံ့သြနေတုန်း။

"ရော့...ညီလေး"

ဆိုင်ရှင်လူကြီးရဲ့ အသံကြားရလို့ ပြန်လှည့်ကြည့်လိုက်တော့ ခုနပြင်လိုက်တဲ့ ညှပ်ခေါက်ဆွဲ ပန်းကန်ကို ကျွန်တော့်ဆီလှမ်းပေးနေတာ တွေ့လိုက်ရတာပဲ။ အဲ...တကယ်တော့ ဒီပန်းကန် ကျွန်တော့်အတွက်ပဲ။ လှမ်းယူမလို့ လုပ်ပြီးတော့မှ

ပန်းကန်ထဲကိုကြည့်မိတယ်။ ပြီးတော့...

"ဟင်...နံနံပင်တွေနဲ့ "

ကျွန်တော် သူ့ကိုလှမ်းကြည့်နေတုန်း နံနံပင်ထည့်လိုက်မိတာဖြစ်လိမ့်မယ်။

ကျွန်တော့်လိုပဲ။ သူကလည်း နံနံပင် မကြိုက်တတ်တဲ့ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ ဖြတ်ခနဲ လက်သွားတယ်ထင်လို့ ကျွန်တော်လှမ်းကြည့်လိုက်မိလို့ သိရတာပါ။ သူကလည်း ကျွန်တော့်ကိုမြင်တော့ အံ့ဩသွားသလိုပဲ။ ပြီးတော့ ချက်ချင်းပြန်လှည့်ပြီး မျက်နှာလွှဲသွားတယ်။

ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ တော့ သူ...ကျွန်တော့်ကို အကြာကြီးဆက်ပြီး စိုက်ကြည့်နေတယ်လို့ ထင်မိတယ်။

ယောင်ကြောင်ပြီး လှမ်းယူမိတယ်ထင်တယ်။ ကျွန်တော့်လက်ထဲမှာ ပန်းကန်ရောက်နေပြီ။ တတ်နိုင်ပါဘူးလေ။ နံနံပင်တွေ ဂရုစိုက်ဖယ်ပစ်ပြီး စားမှ ပဲလို့ ဇွန်းကိုကိုင်ပြီး ပန်းကန်ထဲကို ကြည့်လိုက်တော့...

အလို...ညှပ်ခေါက်ဆွဲ ပန်းကန်ထဲမှာ လည်း မျက်ခုံးထူထူအောက်က သူ့မျက်လုံးကလေး...

ဟာ...ဘယ်ကလာ ဟုတ်ရမှာ လဲ။ ငှက်ပျောအူဖတ်နဲ့ ကြက်သွန်ဥကြီးပဲ။

*****

စာရေးနေရင်းက မဆီမဆိုင် ဆရာဦးရဲစိုးက မကျေမနပ်ဖြစ်မိတယ်။ ဒီလိုလေ။ ကျွန်တော်က ဖယောင်းစက္ကူပေါ်မှာ ရေးနေတာ။ ဟ...တယ်ဆော်ပါလား။ ရည်းစားစာကို ဖ ယော င်း စ က္က ူ ပေါ် မှာ ရေးသတဲ့ ။ ဖယောင်းစက္ကူဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်လို့ တွေးရင် မှားပါလိမ့်မယ်။ ကျွန်တော်ရေးနေတာ ရည်းစားစာမှ မဟုတ်ပဲ။ ကျူရှင်မှာ ဝေဖို့ သင်ခန်းစာတွေ ရေးနေတာပါ။ ဖယောင်းစက္ကူဆိုတာ စာကူးစက်မှာ သုံးတာလေ။ အဲဒီပေါ်မှာ ရေးပြီး စာကူးစက်ထဲထည့်လှည့်လိုက်ရင် မိတ္တူတွေ အများကြီးရတာပေါ့။

အဲဒီတော့ ကျွန်တော့်အလုပ်ဟာ ကျူရှင်နဲ့ ပတ်သက်နေတယ်ဆိုတာတော့ သိကြပြီ။ ဆရာမဟုတ်ပါဘူးဗျာ။ ကျောင်းစာရေးလို့ ခေါ်မှာ ပေါ့။ ကျောင်းသားလက်ခံတာ၊ စာရင်းလုပ်တာ၊ ကျောင်းလခကောက်တာ၊ စာရွက်စာတမ်းဝေတာစတဲ့ အလုပ်တွေလုပ်ရတယ်။ ဆရာဦးခင်မောင်မြင့်ရဲ့ ရွှေသပြေကျောင်းမှာ ။ လခ နှစ်ရာရတယ်။ ပြီးတော့ ကျောင်းမှာ ဝေဖို့ စာရွက်စာတမ်းတွေကိုလည်း ဖယောင်းစက္ကူပေါ်မှာ ပြန်ကူးပေးရတယ်။ အဲဒီအတွက် ရေးခ သပ်သပ်ရတယ်။ ဆရာကလည်း သူ့မိတ်ဆွေ တခြားဆရာတွေနဲ့ အဆက်အသွယ်လုပ်ပေးတယ်။ အင်္ဂလိပ်စာ ဦးသက်တင်၊ သင်္ချာဦးအောင်သောင်း၊ ရူပဗေဒဦးရဲစိုး၊ ဓာတုဗေဒ ဦးထွန်းခိုင်ဝင့်တို့ပေါ့။ သူတို့ ကလည်း ဖယောင်းစက္ကူနဲ့ ရေးစရာရှိရင် ကျွန်တော့်ဆီ အပ်ကြတယ်။ ဘာပဲဖြစ်ဖြစ် ကျောင်းကရတဲ့ လခရယ်၊ ဖယောင်းရေးတာရယ် တစ်လသုံးရာလောက်တော့ ရပါတယ်။

စာမေးပွဲနီးလို့ အထူးထုတ်စာအုပ်တွေ လှည့်ပြီဆိုရင် ကျွန်တော် နေ့မအား ညမအားပဲ။ ပိုက်ဆံလည်း ပိုရတာပေါ့။

ခု ကျွန်တော်ရေးနေတာက ဦးရဲစိုးရဲ့ ရူပဗေဒ။ အလင်းအပိုင်း။ ရေးနေရင်းက တစ်နေရာရောက်တော့ လက်က တန့်သွားသည် ။

မျက်စိတဲ့ ။

နေ့လယ်က မုန့်ဟင်းခါးဆိုင်မှာ တွေ့ခဲ့တဲ့ မျက်စိကလေးကို သွားသတိမရဘဲ ဘယ်နေပါ့မလဲ။

ဖယောင်းစက္ကူရေးရာမှာ အသုံးပြုတဲ့ ကညစ်လို့ ခေါ်တဲ့ အချောင်းကလေးကို စားပွဲပေါ်ပစ်ချလိုက်တယ်။ သွားပြီ။ အလုပ်ဆက်လုပ်လို့ ရမှာ မဟုတ်တော့ဘူး။ ဦးရဲစိုးရဲ့ သင်ခန်းစာထဲမှာ မျက်စိအကြောင်းပါလာလို့ သူ့ကိုဖြတ်ခနဲ သတိရသွားပြီမဟုတ်လား။ ဒါကြောင့် အလုပ်ဆက်မလုပ်နိုင်တာမဟုတ်လား။ ဦးရဲစိုးကို မကျေမနပ်ဖြစ်မိတယ်ဆိုတာ အဲဒီအကြောင်းအကြောင့်ပဲ။

တကယ်တော့ ဆရာဦးရဲစိုးကို ကျေးဇူးတောင်တင်ဖို့ သင့်ပါတယ်။ ဆရာ့ကြောင့်သာ သူနဲ့ ပတ်သက်တဲ့ ဆွတ်ပျံ့ ကြည်နူးဖွယ် အတွေးစကလေးရလိုက်တာ မဟုတ်လား။ ဆောရီးပဲဆရာ။ ကျေးဇူးတင်ပါတယ်။

ကိုင်း...နေ့လယ်က မုန့်ဟင်းခါးဆိုင်အကြောင်းပြန်ကောက်ကြပါဦးစို့။

ကျွန်တော် ပထမဆုံးပြောချင်တာကတော့ နံနံပင်ကိစ္စပဲ။ လူတွေမှာ အကြိုက်ချင်းတူဖို့ ဆိုတာ လွယ်ပါတယ်။ ယေဘုယျအားဖြင့် လူအများ စုဟာ အကြိုက်ချင်းတူကြတယ် မဟုတ်လား။ ဥပမာ

ဂျိမ်းစဘွန်းရုပ်ရှင်ကားတွေ ကြိုက်သလား မကြိုက်ဘူးလားလို့ မေးရင် လူအများ စုက ကြိုက်တယ်လို့ ဖြေကြမှာ ပဲ။ ကျွန်တော်လည်း ကြိုက်တာပဲ။ အဲဒီလိုပဲ မြန်မာလူမျိုးအများ စုဟာ မုန့်ဟင်းခါးကြိုက်ကြတယ်။ ကျွန်တော်လည်း ကြိုက်တာပဲ။ ဒါပေမဲ့ မုန့်ဟင်းခါးစားကြတဲ့ အခါ နံနံပင်ထည့်တာ မကြိုက်ဘူးဆိုတဲ့ လူကတော့ ရှားတယ်။

ဆိုလိုတာကတော့ လူတွေမှာ အကြိုက်ချင်းတူကြဖို့ လွယ်ပေမယ့် မကြိုက်တာချင်းတူဖို့ ကျတော့ ခက်တယ်။

သူနဲ့ ကျွန်တော်နဲ့ ကတော့ မုန့်ဟင်းခါးဆိုင် ထိုင်တဲ့ အခါ ညှပ်ခေါက်ဆွဲစားလေ့ရှိတာမှ တူပြီး နံနံပင်ထည့်မစားတတ်တာလည်း တူတယ်။

ထပ်ပြီးရှင်းပြဦးမယ်။

သူနဲ့ ကျွန်တော် ကြိုက်တာရော မကြိုက်တာရော တူတယ်။ အဲဒါကိုပြောချင်တာ။ ရှင်းမှ ရှင်းရဲ့ လားမသိ။

နောက်တစ်ခုရှိသေးတယ်။ မုန့်ဟင်းခါးဆိုင်မှာ သူ့ကိုလှမ်းမြင်လိုက်ရတော့ ကျွန်တော် အံ့ဩတယ်ဆိုတာ ဘာဖြစ်လို့ လဲဆိုတော့...

သူနဲ့ ကျွန်တော်က ရုပ်ချင်းခပ်ဆင်ဆင် တူနေလို့ ပါပဲ။ ဟုတ်မှာ ပါ။ သူ့ကိုမြင်မြင်ချင်း အံ့ဩတုန်လှုပ်သွားတာရော၊ တစ်ခါထဲသာ ခဏတစ်ဖြုတ် မြင်ဖူးခဲ့ရတဲ့ သူကို ခုလို အလုပ်ပျက်ရလောက်အောင် စိတ်စွဲနေမိတာရော၊ အဲဒါတွေဟာ ဘာအကြောင်းကြောင့်လဲ။ မိန်းကလေးတစ်ယောက်ကို တစ်ခါမြင်ဖူးရုံနဲ့ ခုလောက်ထိ ဖြစ်နေရတာ ဘာကြောင့်လဲ။

ကျွန်တော်ဟာ ရေအိုးစင်တွေ့တိုင်း ရေဝင်သောက်တတ်တဲ့ လူစားမျိုးမဟုတ်ပါ။ မိန်းကလေးချောချောလှလှ၊ တောင့်တောင့်တင်းတင်းမြင်တိုင်း ပြူးပြဲကြည့်တာမျိုးလည်း မလုပ်တတ်ပါ။ ဒီလိုပြောလိုက်လို့ မသိမသာ ခိုးချောင်းခိုးဝှက်တော့ကြည့်တယ်ပေါ့လို့ မေးရင် နည်းနည်းတော့ မှန်ပါတယ်။ ယောက်ျားလေးပဲဟာ ချောတာလှတာမြင်ရင် တစ်ချက်တော့ လှမ်းကြည့်မိတာပေါ့။ မျက်လုံးကို မွှတ်နေအောင် ကစားပြီး လိုက်ရှာကြည့်တာမျိုး မဟုတ်ပါဘူး။ မျက်စိရှေ့ကို ရောက်လာရင် ကြည့်လိုက်မိတာကို ဆိုလိုတာပါ။ တကယ်တော့ ကျွန်တော့်မျက်စိရှေ့မှာ က ကောင်မလေးလှလှပပ ကလေးတွေဟာ အမြဲလိုလိုရှိနေတာပါပဲ။ ဘာကြောင့်ဆို ကျွန်တော်က ကျူရှင်မှာ အလုပ်လုပ်နေတာမဟုတ်လား။

စာရွက်တွေလိုက်ဝေရတဲ့ အခါဆိုရင် သူတို့ အနားကိုမသွားချင်လို့ မနေရ။ ကျောင်းလခလက်ခံတဲ့ အခါဆို ပိုတောင်ဆိုးသေးတယ်။ ကျွ န် တော့် စား ပွဲ ပ တ် ပ တ် လ ည် မှာ ကောင်မလေးတွေဆိုတာ ဝိုင်းဝိုင်းလည်နေတာပဲ။ သူတို့ ရဲ့ ကိုယ်သင်းနံ့တွေဆိုလည်း မရှူချင်မှ အဆုံး။ အကောင်းဆုံး ရေမွှေးနံ့ကနေ အဆိုးဆုံး ချိုင်းမွှေးနံ့ထိ၊ စိတ်လှုပ်ရှားတတ်မယ်ဆို လှုပ်ရှားချင်စရာ။ ဒါပေမဲ့ သူတို့ နဲ့ ပတ်သက်လို့ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှ မနေခဲ့ဘူး။ ကျောင်းက ကျောင်းသူလေးတွေ အားလုံးကို ကျွန်တော့်တပည့်မကလေးတွေလို့ ပဲထင်တယ်။ ကျောင်းစာရေးတစ်ယောက်က ဒီလိုပြောလို့ ကြီးကျယ်တယ်လို့ မထင်ပါနဲ့ လေ။

ကျွန်တော်က ဘွဲ့ရပြီးတာ တစ်နှစ်ကျော်ကျော်လောက်ရှိပြီပဲ။ သူတို့

က ခုမှ ကိုးတန်းဆယ်တန်း၊ ပြီးတော့ အခြေအနေအရသာ ကျောင်းစာရေးဝင်လုပ်နေရတာ။ တက္ကသိုလ်မှာ အလုပ်ပြန်လျှောက်ဖြစ်ခဲ့လို့ ရခဲ့ရင် ခုချိန်မှာ နည်းပြဆရာကလေးဖြစ်နေနိုင်တယ် မဟုတ်လား။ ထားပါလေ... ဒါကတော့။ ကျွန်တော့်ရည်ရွယ်ချက်က တက္ကသိုလ်ကျောင်းဆရာဖြစ်ဖို့ မဟုတ်ပါ။ ကျူရှင်ဆရာ လုပ်ဖို့ ပဲ။ မှန်တယ်...။ ခုချိန်မှာ တက္ကသိုလ်ကျောင်းက သရုပ်ပြဆရာတစ်ယောက်ဟာ လခသုံးရာ့နှစ်ဆယ်။ ယာယီဆောင်းငွေပါပေါင်းမှ လေးရာပေါ့။ ကျူရှင်ဆရာတစ်ယောက်ဟာ အပြင်မှာ တကယ်အောင်မြင်ရင် တစ်လတစ်သောင်းဆိုလည်း ဟုတ်တယ်။ ကြိုးတော့ ကြိုးစားရမှာ ပေါ့။

အဲဒီတော့ဗျာ။ ခုနကျွန်တော်ပြောသလိုပေါ့။ မိန်းကလေးတွေ ကြားထဲမှာ နေရပေမယ့် ဘယ်လိုမှ စိတ်မလှုပ်ရှားခဲ့တာအမှန်ပါ။

ခုကျမှ ...

*****

ထူးတော့ ထူးဆန်းတယ်။ အနေနီးလို့ သံယောဇဉ်တွယ်တာမျိုးမဟုတ်တာတော့ သေချာတယ်။ ဒါကတော့ ရှင်းပါတယ်။ ခုမှ သူ့ကို တစ်ခါတည်း မြင်ဖူးသေးတာမဟုတ်လား။ အာရုံငါးပါးထဲမှာ ရူပါရုံနဲ့ သဒ္ဒါရုံက လွဲရင် သူနဲ့ ပတ်သက်တဲ့ ဘယ်အာရုံကိုမှ မခံစားရဖူးသေးပါ။

ဂန္ဓာရုံဆိုတာ အနံ့၊ သူ့ရဲ့ ကိုယ်သင်းနံ့ကို ကျွန်တော်မခံစားရဖူးသေးဘူး။ ရသာရုံ အဲဒါကတော့ သိပ်မဆိုင်ဘူး။ သူနဲ့ ပတ်သက်ပြီး ဘာကိုအရသာခံရမှာလဲ။ သူ့ဆံပင်ကလေးတွေက မုန့်ဟင်းခါးဖတ်ကလေးတွေဆိုလည်း စားကြည့်လို့ ရနိုင်သေး။ ဖောဋ္ဌဗ္ဗအာရုံ၊ အဝေးဆုံးပါပဲ။ အတွေ့အထိဆိုတာ ခုချိန်မှာ ဘယ်လိုလုပ်စိတ်ကူးရဲတော့မှာတဲ့ လဲ။ (အဲ...ဒီနေ့ည အိပ်မက် မက်မယ့်ဟာက တရားမဝင်ဘူးနော်။)

သူနဲ့ ပတ်သက်ရင် နံ့နံ့ပင် မထည့်နဲ့ ဆိုတဲ့ အသံကို ကြားဖူးတယ်။ သဒ္ဒါရုံပေါ့။ ပြီးတော့ ရူပါရုံ။ သူ့မျက်နှာကလေးကို မိနစ်ပိုင်းလောက် မြင်ဖူးလိုက်ရတယ်။ အဲဒီ တဒင်္ဂဟာ တစ်သက်လုံးအတွက် ဖြစ်သွားတာပဲ။ ဒါကြောင့် ခု ကိစ္စမှာ ရူပါရုံဟာ ပဓာနအကြောင်းရင်းဖြစ်ရပါမယ်။ သူနဲ့ ကျွန်တော်ဟာ ရုပ်ချင်းဆင်နေလို့ သူ့ကိုမြင်မြင်ချင်း ထူးခြားတဲ့ ခံစားမှုဖြစ်သွားရတာပေါ့။ အဲဒီခံစားမှုကို ဘယ်လိုခေါ်မလဲ။ အာရုံငါးပါးထက် ပိုပြီးအဆင့်မြင့်တယ်။ အာရုံငါးပါးရဲ့ အပမှာရှိတဲ့

ဆင္ဌမအာရုံ။ သို့တည်းမဟုတ် အချစ်။

*****

အချစ်ကို ဘာနဲ့ ရွေးချယ်မလဲ။

စကားပုံတစ်ခုရှိတယ်။

"ယောကျ်ားတို့ သည် အချစ်ကို မျက်စိဖြင့် ရွေးချယ်ပြီး မိန်းမတို့ သည် အချစ်ကို နားဖြင့်ရွေးချယ်၏ "တဲ့ ။

ကျွန်တော် သူ့ကို မျက်စိနဲ့ တပ်အပ်မြင်ခဲ့ပြီးပြီ။ သူကလည်း "ဟင်... နံ့နံ့ပင်တွေနဲ့ "ဆိုတဲ့ ကျွန်တော့်အသံကိုကြားကောင်းကြားခဲ့ပြီးပြီ။ ဒါဆို ပြီးရောပေါ့။ မဟုတ်သေးပါ။ စကားပုံရဲ့ အနက်က ယောကျ်ားတွေဟာ မိန်းမတွေရဲ့ အလှအပပေါ်မူတည်ရွေးချယ်ပြီးတော့ မိန်းမတွေကျတော့ ယောကျ်ားတွေရဲ့ ဂုဏ်သတင်းအပေါ်မှာ မူတည်ပြီး ရွေးချယ်တတ်တယ်လို့ ဆိုလိုတာပဲ။ တစ်နည်းအားဖြင့် ယောကျ်ားတွေဟာ အချစ်ကို ကိုယ့်စိတ်ကြိုက် ကိုယ်ရွေးတယ်။ မိန်းမတွေက သူများ တွေရဲ့ မှတ်ချက်အပေါ် ကြည့်ပြီးရွေးတယ်။

အဲဒီစကားပုံကို ကိုးကားတာလည်း မဟုတ်ဘူး ။ အကာအကွယ်ယူတာလည်း မဟုတ်ဘူး ။ သူ့အလိုလိုဖြစ်သွားတာပေါ့၊ လောလောဆယ်မှာတော့ ကျွန်တော် အချစ်ကို မျက်စိနဲ့ ရွေးမိပြီ။ မှန်သလား မှားသလား။ သင့်သလား၊ မသင့်ဘူးလား။

"အချစ်ကို ဘာနဲ့ ရွေးသင့်သလဲ"

အဲဒီမေးခွန်းကို ကျွန်တော် ရုတ်တရက်မေးလိုက်တော့ ဟိုကောင်တွေ ကြောင်သွားတယ်။ ခဏကြာအောင် ဘာမှ မပြောနိုင်ဘဲ ဖြစ်သွားတယ်။ သောင်းမော်က မျက်မှောင်ကုပ်သွားပြီး လေးလေးနက်နက်စဉ်းစားနေပုံရတယ်။ ချစ်အေးက သူ့မေးစေ့က မုတ်ဆိတ်မွေးကျိုးတိုးကျဲတဲကို ပွတ်လိုက်ပြီး...

"အချစ်ကို ဘာနဲ့ ရွေးမလဲဆိုတော့ လွယ်ပါတယ်ကွ၊ ဘောက်ချာပြပြီး ရွေးလိုက်ပေါ့"

သောင်းမော်က ခွီးခနဲရယ်လိုက်တယ်။ ကျွန်တော်က...

"ဖွတ်တဲ့ မှ ပဲ၊ အကောင်းမေးတာကွ"

"အေးလေ၊ မင်းပဲ စဉ်းစားကြည့်ပါဦး၊ အချစ်ဆိုတာ အပေါင်ဆိုင်ပို့ထားတဲ့ ပစ္စည်းမှ မဟုတ်တာ၊ ဘယ်လိုလုပ်ရွေးမလဲ"

"မင်း ဒီလောက်မှ မသိဘူးလားကွ၊ မင်းဟာ အမြဲဟားဖို့ ပဲ စိတ်ကူးနေတဲ့ ကောင်၊ ဘယ်တော့မှ လေးလေးနက်နက်မတွေးဘူး၊ ဒါကြောင့် မင်းကို သန်းသန်းက စိတ်တိုင်းမကျတာ"

"ဟာ၊ သိပ်လေးနက်လွန်းတော့လည်း အတွေးခေါင်ဘယ်ဆိုပြီး အပြောခံရပြန်ရောကွ"

လို့ ပြောပြီး သောင်းမော်ကို ပြုံးစေ့စေ့နဲ့ ကြည့်လိုက်တယ်။ ဟိုကောင်ကလည်း သူ့စောင်းပြောမှန်းသိတယ်၊ ဒါကြောင့် သူ့ဘက်ကို မြားဦးတည့်တည့် လှည့်မလာခင် အမြန်လက်ကာပြလိုက်ပြီး...

"နေကြပါဦးလေ၊ ဒီလိုရှိပါတယ်၊ အေးမောင်ကလည်း ဘာဖြစ်လို့ အဲဒီလိုမေးတယ်ဆိုတာပြောပေါ့၊ ဒါမှ သေသေချာချာစဉ်းစားလို့ ရမှာပေါ့"

"ဒီလိုလေကွာ၊ အချစ်ကို ရွေးချယ်တဲ့ ...အဲ...ရှင်းရှင်းပြောရင် ချစ်သူရွေးတဲ့ အခါမှာ တချို့က မျက်စိနဲ့ ရွေးတယ်၊ တချို့က နားနဲ့ ရွေးတယ်၊ အဲဒါမျိုးပေ့ါ၊ ဘာနဲ့ ရွေးသင့်သလဲ"

"နှာခေါင်းနဲ့ "

ချစ်အေး ဝင်ဖောက်ပြန်ပြီ။ ဒီတစ်ခါ သောင်းမော်ကလည်း မကန့်ကွက်ဘဲ "ဆိုပါဦးကွ"လို့ ဝင်ထောက်တယ်။

"ဟုတ်တယ်ကွ၊ တချို့မိန်းကလေးတွေ ရုပ်ကတော့ လှပါတယ်၊ ဒါပေမဲ့ လက်ပတ်စော် နံတယ်ကွ၊ အဲဒါမျိုးကို ရှောင်လို့ ရအောင် နှာခေါင်းနဲ့ ရွေးသင့်တယ်လို့ ပြောတာ"

"ဟင်...မင်းဟာကလည်း လိုက်ရှူကြည့်ရမလို ဖြစ်နေပြီ"

"ပေါ်တင်ကြီးတော့ ဘယ်ဟုတ်မလဲကွ၊ ဘတ်စ်ကားပေါ်မှာ ဖြစ်ဖြစ်ပေ့ါ၊ လက်မြှောက်ပြီး လက်တန်းကို ကိုင်ထားတုန်းမသိမသာ ရှူကြည့်ပေ့ါ"

"တော်စမ်းပါကွာ"လို့ ကျွန်တော်က ဝင်ဟန့်လိုက်ရတယ်။ သောင်းမော်က ကျွန်တော့်ကို မသင်္ကာသလို လှမ်းကြည့်လိုက်တာ သတိထားမိတယ်။ ထင်တဲ့ အတိုင်းပဲ။ သူမေးပြီ...။

"ဒါနဲ့ ...နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ အဲဒါတွေမေးနေရတာလဲ"

"အော်ကွာ၊ ငါသိချင်လို့ ပေ့ါ၊ ဘာမှ မဖြစ်ပါဘူး"

ကျွန်တော်က ဘာမှ အရေးမကြီးတဲ့ ဟန်မျိုး လုပ်လိုက်တယ်။ တမင်သိသာအောင် လုပ်ပြတာပါ။ ဒီကောင်တွေကို သက်သက်နှောက်ချင်လို့ ။ ဒါမှ သူတို့ သိပ်သိချင် လာပြီး ကျွန်တော့်ကို အတင်းမေးမယ် မဟုတ်လား၊ ကျွန်တော့်စကားတန်ဖိုးရှိအောင်

မြင့်လိုက်တာလေ။ ဒါပေမဲ့ သောင်းမော်က ဘာပြန်ပြောတယ် မှတ်သလဲ။

"အေးလေ...ဒါဆိုလည်း ပြီးရောပေါ့"တဲ့ ။

ကျွန်တော် အောင့်သက်သက်နဲ့ ခံလိုက်ရပြီ။ ချစ်အေးက ကျွန်တော့်အိပ်ရာပေါ်မှာ တင်ပျဉ်ခွေထိုင်နေရာက လှဲချလိုက်တယ်။ သောင်းမော်ကတော့ စားပွဲပေါ်က ရှုမဝမဂ္ဂဇင်းကိုယူပြီး လျှောက်လှန်ကြည့်နေတယ်။ သူတို့ အချိုးကို ကျွန်တော်ကလည်း သိတယ်။ ကျွန်တော်တွက်လိုက်တာက ဘာမှ မဖြစ်ပါဘူးကွာဆိုပြီး သိပ်မပြောချင်တဲ့ ဟန်လုပ်လိုက်ရင် ဒီကောင်တွေမကြားရမနေနိုင်ဖြစ်ပြီး ဟာ ဘယ်ဟုတ်မလဲ၊ - မှန်မှန်ပြောစမ်းဆိုပြီး အတင်းလိုက်လာလိမ့်မယ်။ အဲဒီတော့မှ မပြောချင်ပြောချင် ပြောရပုံမျိုးပြောလိုက်မယ်ပေါ့။ ဒါပေမဲ့ ဒီကောင်တွေက ကျွန်တော့်အကြံကို ရိပ်မိသွားတယ်။ စိတ်မဝင်စားသလို လုပ်နေလိုက်တော့ ကျွန်တော်အီတာပေါ့။ တတ်နိုင်ပါဘူး။ ကျွန်တော်က ပြောချင်နေတဲ့ လူဆိုတော့

"ဟေ့ကောင်တွေ"

သောင်းမော်က မဂ္ဂဇင်းကိုဖတ်နေရာက လှည့်မကြည့်ဘဲ မေးဆတ်ရုံဆတ်ပြတယ်။ ချစ်အေးကလည်း တစ်ချက်လှမ်းကြည့်ပြီး မသိသလိုလုပ်နေတယ်။ ကျွန်တော် မနေနိုင်တော့ဘူး။

"မင်းတို့ နားထောင်ချင်ထောင်၊ မထောင်ချင်နေကွာ။ ငါ တော့ ပြော မှာ ပဲ၊ ငါဟိုတစ်နေ့က ကောင်မလေးတစ်ယောက်ကို တွေ့တယ်ကွ..."

ကျွန်တော်က စကားခဏဖြတ်ပြီး သူတို့ ကို

အကဲခတ်ကြည့်လိုက်တယ်။ နှစ်ကောင်စလုံး စောစောက အချိုးအတိုင်းပဲ။

"တွေ့တာက မုန့်ဟင်းခါးဆိုင်မှာ ကွ၊ မင်းတို့ သိတယ်မဟုတ်လား၊ ကုန်တိုက်နားမှာ လေ၊ စားဖူးရင် သိမယ်ဆိုတဲ့ ဆိုင်"

ဘာမှ ပြန်မပြောကြဘူး။ မလှုပ်မယှက် နေမြဲပဲ။ ဒီကောင်တွေကို နည်းနည်းပြန်ကြောမှ ဖြစ်တော့မယ်။

"အဲဒါကွာ၊ ငါက မုန့်ဟင်းခါးစားမယ်ဆိုပြီး နံပါတ်နှစ်ကားမှတ်တိုင်ရောက်ပြီးမှ ပြန်လှည့်တာ၊ အဲဒီအချိန်မှာ ပန်းဆိုးတန်းထဲက မော်တော်ဆိုင်ကယ်တစ်စီး၊ နောက်ဆုံးမှ ဝင်တဲ့ အသစ်ကွ၊ မောင်းတဲ့ ကောင်ကလည်း ခေါင်းစွပ်တွေ၊ လက်အိတ်တွေနဲ့ ဝေါခနဲ မောင်းထွက်လာတာ အရှိန်က တော်တော်မြန်တယ်၊ အမှန်ဆိုရင် ဒီဘက်က ကစ်ကွေ့ရမှာ မဟုတ်လား၊ ဒါပေမဲ့ အရှိန်မသတ်နိုင်တော့ဘဲ လမ်းအလယ်ဘက်ကို ထိုးထွက်သွားတာ..."

ပြောရင်းက မျက်လုံးကစားကြည့်တော့ ဒီကောင်တွေ စိတ်ဝင်စားနေကြောင်းသိရပြီ။ ဆက်ပြောတယ်။

"အဲ ဒီ မှာ ...ဗိုလ်ချုပ်လမ်းအတိုင်း မောင်းလာတဲ့ နံပါတ်နှစ်ကားကလည်း မှတ်တိုင်မှာ ရပ်ဖို့ ဖြတ်အဝင် ဘာပြောကောင်းမလဲ"

"တိုက်မိရောလား"

ချစ်အေးက မနေနိုင်တော့ဘဲ ဝင်မေးတယ်။ ဒီတော့မှ ကျွန်တော်က အောင်မြင်စွာပြုံးလိုက်ပြီး...

"မတိုက်မိပါဘူး၊ သူ့လမ်း သူသွားကြတာပါပဲ"

သောင်းမော်က ခုမှ ပြုံးပြီး ခေါင်းတညိတ်ညိတ်လုပ်လိုက်တယ်။ ရှုမဝစာအုပ်ကို ပိတ်လိုက်ပြီး...

"ကဲ...မင်းတွေ့ခဲ့တယ်ဆိုတဲ့ ဟာ ပြောကွာ၊ ငါတို့ နားထောင်မယ်၊ အပိုတွေလျှောက်လုပ်မနေနဲ့ "

"ဒီလိုကွာ..."

ကျွန်တော်က မုန့်ဟင်းခါးဆိုင်မှာ သူနဲ့ တွေ့တဲ့ အကြောင်း ပြောပြလိုက်တယ်။

"အဲဒီတော့...ငါဟာ သူ့ကိုမြင်မြင်ချင်း စိတ်ဝင်စားသွားမိတယ်၊ မျက်စိနဲ့ ရွေးမိတယ်ဆိုပါတော့ အဲဒါ ငါမှန်သလား မှားသလား"

"အဲဒါတော့ ဘယ်လိုလုပ်ပြောမလဲကွ"

ချစ်အေးက ဝင်ပြောတယ်။ သောင်းမော်က...

"မင်းက တစ်ခါမြင်ဖူးရုံနဲ့ ကြိုက်မိတယ်ဆိုတာတော့ သိပ်မဟုတ်သေးဘူးကွာ၊ သူ့အကြောင်းကို မင်း အကုန်သိနိုင်ပါ့မလား၊ အဲဒီကောင်မလေးက လှတယ်ဆိုတာတော့ မင်းပြောလို့ သိရပြီ"

ကျွန်တော်က ဖြတ်ပြီး...

"နေဦး..နေဦး၊ ငါပြောဖို့ တစ်ခုကျန်သေးတယ်၊ အဲဒီကောင်မလေးက ငါနဲ့ မျက်နှာချင်းတော်တော်ဆင်တယ်ကွ"

"ဟင်း...ဒါနဲ့ များ ကောင်မလေးက လှတယ်လို့ ပြောရသေးတယ်"လို့ ချစ်အေးက ဝင်နှောက်တယ်။ သောင်းမော်က လက်ကာ ပြလိုက်ပြီးတော့...

"ငါပြောတဲ့ သဘောက တစ်ခါထဲသာ မြင်ဖူးတဲ့

မိ န်း က လေး တ စ် ယော က် အ ပေါ် မှာ စွဲလမ်းမိတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး၊ သူ့စိတ်ထား ကောင်းလား မကောင်းဘူးလားဆိုတာ မင်းသိနိုင်ပါ့မလား၊ သူဟာ…အေးကွာ၊ အဆုံးစွန်ပြောရရင် သူဟာ အပျိုဟုတ် မဟုတ်ဆိုတာကော မင်းမသိနိုင်သေးပါဘူး၊ လင်ရှိမယားဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"မရှိပါဘူးကွာ၊ မဖြစ်နိုင်ဘူး၊ သူ့ပုံစံက အပျိုပဲဖြစ်ရမယ်"

သောင်းမော်က ခေါင်းခါသလို ခေါင်းညိတ်သလို လုပ်နေတယ်။

"နောက်ပြီး ငါတစ်ခု ပြောဦးမယ်၊ မင်းက အဲဒီကောင်မလေးရဲ့ နာမည်လည်း မသိ၊ ဘယ်မှာ နေမှန်းလည်း မသိဘဲနဲ့ သူ့ကို မင်း နောက်တစ်ကြိမ်ပြန်တွေ့ရဖို့ ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်မယ် ထင်တယ်"

"ကဲ…ထားတော့ အဲဒီအခါမှာ …"

ချစ်အေးက သောင်းမော်ရဲ့ စကားကိုဖြတ်ပြီး ရယ်လိုက်တယ်။ ပြီးတော့…

"မင်းနှယ်ကွာ၊ ဒီကိစ္စကိုများ ရေးကြီးခွင့်ကျယ်လုပ်ပြီး ပြောနေလိုက်တာ ခုဟာက ရှင်းရှင်းသေးပဲ၊ ဒီကောင် အေးမောင်က ကောင်မလေးကို မြင်မြင်ချင်း ကြိုက်သွားတယ်၊ နောက်တစ်ခါ ပြန်တွေ့ချင် တွေ့မယ်၊ မတွေ့ချင် မတွေ့ဘူး၊ တွေ့ရင် ဒီကောင်မလေးအကြောင်း စုံစမ်း၊ ကောင်းတယ်ဆိုဆက်လုပ်၊ မနိုပ်ဘူးဆို နောက်ဆုတ် ဒါပဲ၊ မင်းပြောသလို ဘာမှ မဖြစ်ခင်ကတည်းက ဟိုး…ညားပြီးတဲ့ အထိ လျှောက်စဉ်းစားတွက်ချက်နေဖို့ မလိုပါဘူးကွာ"

"ဟ…လိုတာပေါ့ကွ၊ မင်း တချို့ဆိုရင် သုံးနှစ် သုံးမိုး တစ်ယောက်နဲ့ တစ်ယောက် အကဲခတ်ကြပြီးမှ ယူကြတာပဲ၊ ဒါတောင် စိတ်သဘောထားချင်း မတိုက်ဆိုင်မှုရှိသေးတယ်။ ဒါကြောင့် လူကြီးတွေကပြောတာ အိမ်ထောင်ရေးဆိုတာ ထီထိုးသလိုပဲတဲ့ "

"ထီထိုးသလို မဟုတ်ဘူး ကွ၊ ထီထိုးတယ်ဆိုတာက ပေါက်ရင် အမြတ်ကအများကြီး၊ ရှုံးရင် နှစ်ကျပ်သဲကွ တကယ်တော့ အိမ်ထောင်ရေးဆိုတာ လောင်းကစားတာကိုပဲ ပုံအော်ပြီး လောင်းရတာမျိုး၊ ရှုံးရင်လည်း ကွဲ၊ နိုင်ရင်လည်း တထောကြီးပဲ၊ သူဌေးဖြစ် ခွေးဖြစ်ပေါ့ကွ"

"မဟုတ်သေးဘူးလေ"

ကျွန်တော်က နေကြပါဦးကွာဆိုပြီး အတင်းဝင်ထားလိုက်ရတယ်။ နို့မို့ ဒီကောင်တွေ ငြင်းလို့ ဆုံးမှာ မဟုတ်တော့ဘူး။

"မင်းတို့ ကလည်း ကွာ၊ တွေ့လိုက်ရင် ငြင်းဖို့ ခုန်ဖို့ ပဲ စဉ်းစားနေတာပဲ၊ ငါ စမေးတဲ့ ဟာကို မေ့သွားပြီမဟုတ်လား"

ဘာကိုလဲလို့ သူတို့ မေးတယ်။

"ဘာလဲဆိုတော့ အချစ်ကို ဘာနဲ့ ရွေးမလဲဆိုတာ"

ဒီတစ်ခါတော့ ချစ်အေးက ဘာမှ ဝင်မပြောတော့ဘူး။ သောင်းမော်ကပဲ ပြောတယ်။

"ဒီလိုကွ…။ အချစ်ကို ရွေးနိုင်တာ နှစ်နည်းရှိတယ်။ ဦးနှောက်နဲ့ နှလုံးသား၊ ဒါကလည်း အသက်အရွယ်ကို လိုက်လို့ လည်း ပါချင်ပါမှာ ပေါ့။ တချို့က ဦးနှောက်နဲ့ ရွေးတယ်။ တချို့က နှလုံးသားနဲ့ ရွေးတယ်။ တချို့ကတော့ နှစ်ခုစလုံးနဲ့ မျှပြီးရွေးတယ်"

ချစ်အေးက…

"ငါ့စိတ်ထင်တော့ ဦးနှောက်က ဘယ်လိုပဲဆင်ခြင်စဉ်းစားနေနေ၊ ဘယ်လိုမှတ်ချက်တွေပဲပေးပေး၊ တကယ့်တကယ်ပိုင်ခွင့် ဗီဘိုအာဏာပေ့ါကွာ၊ အဲဒီတစ်ချက်လွတ်အာဏာကတော့ နှလုံးသားမှာပဲရှိတယ်"

ကြည့်စမ်း…။ ကျွန်တော် မေ့နေတယ်။ ဒီကောင်တွေအစဖော်ပေးမှ သတိရတော့တယ်။ ဒါတွေကို ကျွန်တော်လည်း သိပါတယ်။ ဒါပေမဲ့ စိတ်လောကြီးနေလို့ ၊ တစ်နည်းအားဖြင့် သူ့ကိုစွဲလမ်းတဲ့ စိတ်က လွှမ်းမိုးနေလို့ သတိမမူမိခဲ့တာပါ။

ခုတော့ ကျွန်တော်သိပြီ။ အချစ်ကို ဘာနဲ့ ရွေးရမလဲဆိုတာ။

"ငါသိပြီ…ငါသိပြီ"

လို့ ကျွန်တော် ထအော်လိုက်တယ်။ ဒီကောင်တွေက ဘာပေါက်တာလဲဆိုတဲ့ အကြည့်မျိုးနဲ့ ဝိုင်းကြည့်နေကြတုန်း… ကျွန်တော် ပြောလိုက်ပါတယ်။

"သူ့ကို မြင်မြင်ချင်း ငါ့ရင်တွေ သိပ်ခုန်နေခဲ့တယ်ကွာ"

*****

လူတွေက ကျွန်တော့်ကို ရူးနေပြီလို့ ပြောကြမှာ ပဲ။ ဘာကြောင့်ဆို ကျွန်တော်က မုန့်ဟင်းခါးဆိုင်တွေ့တိုင်း ပြုံးတူးပြုံတဲနဲ့ ကြည့်မိတတ်တာကိုး။ ပြီးတော့လည်း ရန်ကုန်မြို့မှာ ရှိတဲ့

နာမည်ကြီးတဲ့ မုန့်ဟင်းခါးဆိုင် တော်တော်များများ ကျွန်တော်သိသလောက်ပေ့ါ။ လျှောက်ကြည့်ပြီးပြီ။ ကြုံရင်ကြုံသလို ကြည့်မိတာပါ။

မေ စပါယ်ရှယ် မုန့်ဟင်းခါး။ ဘားလမ်းထိပ်မှာ ညနေပိုင်း ထွက်တတ်တဲ့ ဆိုင်။ သုံးဆယ့်ခြောက်လမ်းထိပ်၊ လမ်းသုံးဆယ် မုန့်ဟင်းခါးဆိုင်၊ ဂွတ္တာလစ်ကဆိုင်၊ ဒေါ်အေးကြည်မုန့်ဟင်းခါးဆိုင်၊ တက္ကသိုလ်ထဲက ကိုဖိုးချိုဆိုင်၊ သမိုင်းလမ်းဆုံက တင်တင်အေးဆိုင်၊ ကျိုက္ကလားကဆိုင်။

ဘယ်ဆိုင်မှာမှ မတွေ့ဘူး။ သူနဲ့ တူတာဆိုလို့ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ တွေ့တယ်။ ဟုတ်တယ်လေ။ သူ့မျက်နှာက ကျွန်တော့်မျက်နှာနဲ့ ခပ်ဆင်ဆင်တူတယ်လို့ ပြောခဲ့ပါပြီတော့...။

အဲဒီလို မုန့်ဟင်းခါးဆိုင်တွေ ကြည့်မိတာ ကျွန်တော်ရူးသလား။ အင်း...နည်းနည်းကြောင်တယ်ဆိုတာတော့ မှန်ပါတယ်။ ဒါမျိုးကတော့ လူတိုင်းလိုလို တစ်ခါမဟုတ် တစ်ခါတော့ ဖြစ်ဖူးကြမှာပါပဲ။ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေတောင် အဲဒါမျိုး ဖြစ်တတ်ကြတာပဲ မဟုတ်လား။

ကြားဖူးတာတစ်ခု ပြောပြမယ်။ ကမ္ဘာကျော်ပန်းချီဆရာကြီးဗင်ဂိုးဆိုတာရှိတယ်။ သူက သူ့သူငယ်ချင်း ပေါလ်ဂေါဂင်နဲ့ တူတူသွားနေတယ်။ သူတို့ နေတဲ့ နေရာနဲ့ တော်တော်ဝေးတဲ့ နေရာမှာ ကောင်မလေးတစ်ယောက်လည်း ရှိတယ်။ တစ်နေ့တော့ ဗင်ဂိုးဟာ လမ်းလျှောက်ထွက်ရင်း အဲဒီကောင်မလေး အိမ်ရှေ့ကိုရောက်သွားတယ်။ ဒီအချိန်မှာ ကောင်မလေးကလည်း ပြတင်းပေါက်က ထွက်ကြည့်နေတဲ့ အချိန်။ ဗင်ဂိုးဟာ

ကောင်မလေးကိုလည်း မြင်ရော တစ်ခါထဲစွဲလမ်းသွားသတဲ့ ။ အဲ... နောက်တစ်နေ့ကစပြီး ဗင်ဂိုးဟာ အဲဒီ အိမ်ရှေ့ကို နေ့တိုင်းလာတော့တယ်။ ကောင်မလေး ရှိရှိ...မရှိရှိ ပြတင်းပေါက် နေရာကို အကြာကြီးငေးစိုက်ကြည့်ပြီးမှ ပြန်သတဲ့ ။ ဒီလို တစ်နေ့မပြတ်ရက်ပေါင်းများ စွာ လာနေရင်းက တစ်နေ့တော့ ကောင်မလေး ပြတင်းပေါက်မှာ လာရပ်တဲ့ အချိန်နဲ့ သွားဆုံရော။ ကောင်မလေးက "ဗင်ဂိုးရယ် ရှင့်နားရွက်ကလေးတွေက သိပ်လှတာပဲ"လို့ လည်း ပြောလိုက်ရော ဗင်ဂိုက "ဒါဆိုလည်း ယူချင်ယူထား လိုက်လေ...အင့်..."ဆိုပြီး သူ့နားရွက်ကို ဓားနဲ့ ဖြတ်ပြီး ပေးလိုက်သတဲ့ ။

ဒါ...ပုံပြင် ဒဏ္ဍာရီ မဟုတ်ဘူး ။ တကယ့်အဖြစ်အပျက်။ ဒီတော့ ကျွန်တော် မလွန်ပါဘူးနော်။ တစ်ခုတော့ရှိတယ်။ တကယ်လို့ များ ကျွန်တော် သူ့ကို တစ်နေရာရာမှာ ဘွားခနဲတွေ့လိုက်ရတဲ့ အခါ သူက... ဗင်ဂိုးကို ဟိုကောင်မလေးကပြောသလို "ကိုအေးမောင်ရယ်... ရှင့်ခေါင်းကလေးက လှလိုက်တာ"လို့ ဆိုရင် ပြဿနာပဲ။ သို့ပေမယ့် သူ...အဲဒီလိုပြောလိမ့်မယ်လို့ မထင်ဘူး။

"ကိုအေးမောင်ရယ်...ရှင့်နှလုံးသားက သိပ်လှတာပဲ"လို့ ပြောလိမ့်မယ်လို့ ပဲ ထင်တယ်။

ရင်ကို ခွဲပေးဖို့ အသင့်ပါဗျာ။

*****